# နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များအား တင်သွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ နို့စို့ကလေးနှင့် ကလေးငယ်အတွက် ရည်ရွယ်ထုတ်လုပ်သော စားသောက်ကုန်များ တင်သွင်းရာတွင် (၂၄-၇-၂၀၁၄) ရက်စွဲပါ **“နို့စို့ကလေးနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်း ဆိုင်ရာအမိန့်”** (အမိန့်ကြော်ငြာစာအမှတ် -၂၂/၂၀၁၄) ၏ ပြဋ္ဌာန်းချက်များအတိုင်း အမှတ်တံဆိပ်ကို ပြည့်စုံမှန်ကန်အောင် ပြင်ဆင်ဆောင်ရွက်ရမည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့် ထပ်မံပြဋ္ဌာန်းချက်များကိုလည်း တသွေမတိမ်းလိုက်နာဆောင်ရွက်ရမည်။

၂။ စားသောက်ကုန်အတွက် သွင်းကုန်/ပို့ကုန်ဆိုင်ရာ စစ်ဆေးစိစစ်ခြင်း လုပ်ထုံးလုပ်နည်းများအရ သွင်းကုန်ထောက်ခံချက်ရရှိပြီးသော စားသောက်ကုန်ကို တင်သွင်းလာသည့်အခါနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့်အခါ အမိန့်ကြော်ငြာစာနှင့်အညီ ပြင်ဆင်လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲမှုနည်းလမ်းများအရ သော်လည်းကောင်း၊ အမျိုးသားအစားအသောက်ဥပဒေအရ သော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**